ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်

နေ့စွဲ - ၂၉. ၁၁. ၀၉

## ဘုရားသခင်၏ပဋိညာဉ်အား အသင်းတော်ထဲတွင်စောင့်ရှောက်ခြင်း

(Keeping God's Covenant in the Church, Prof. Herman Hanko)

(ယွင်ပတ်မှအဆက်)

ဘုရားသခင်ဟာ သူ့ရဲ့ပဋိညာဉ်ကို ဆွေစဉ်မျိုးဆက် တည်ဆောက်ပါတယ်။ "သင်နှင့် သင့်အမျိုးနွယ်အစဉ်အဆက်တို့၌၊ ငါ့ပဋိညာဉ်ကို ထာဝရပဋိညာဉ်ဖြစ်စေမည်"(ကမ္ဘာ ၁၇း၇)ဟာ အာဗြဟံထံမှာ ပြောတဲ့ ဘုရားသခင်ရဲ့စကားဘဲဖြစ်တယ်။ ဒါကြောင့် အသင်းတော်ဆိုတာ ယုံကြည်သူတို့နဲ့သူတို့ သားသမီးတွေကို စုစည်းထားခြင်းဖြစ်တယ်။ အဲဒါက ဘာကိုဆိုလိုသလဲဆိုတော့၊ ယုံကြည်သူတို့ရဲ့ရွေးကောက်တော်မူခြင်းခံရတဲ့ ကလေးတွေဟာ အသင်းသူ/သားတွေဖြစ်တယ်ဆိုတာပါဘဲ။ အသင်းတော်ဟာ ခရစ်တော်ရဲ့ကိုယ်ခန္ဓာ ဆိုတဲ့ရှုထောင့်ကနေ မဟုတ်ဘဲ၊ မြေပေါ်မှာ ဖွဲ့စည်းတည်ဆောက်ထားသောအသင်းတော်ရဲ့ တကယ့်အသင်းသားတွေ ဆိုတဲ့ရှုထောင့်ကနေ ဖြစ်တယ်။

လူတယောက်ဟာ သူ့ကလေးကို ဗတ္တိဇံပေးဖို့ ယူလာတာဟာ အသင်းတော်မှာ အဲဒီလိုနဲ့ အသင်းသားဖြစ်လာဖို့မဟုတ်ဘူး။ နောက်တနည်းနဲ့ပြောရရင်၊ ယုံကြည်သူတယောက်ရဲ့ကလေးဟာ ဗတ္တိဇံအားဖြင့် အသင်းတော်သူ/သားဖြစ်လာတာမဟုတ်ဘူး။ ယုံကြည်သူတယောက်ရဲ့ ရွေးကောက်တော်မူခြင်းခံရတဲ့ကလေးဟာ အသက်ရလာပြီးတော့၊ လူရှေ့ဘုရားရှေ့ဝန်ခံချက်ပြုလို့ အသင်းသူ/သားဖြစ်လာတာမဟုတ်ဘူး။ "မောင်ဘယ်သူ၊ မဘယ်သူဟာဆိုလို့ရှိရင်၊ ဒီနေ့မှာ ဝန်ခံချက်ပြုပြီးတော့၊ အသင်းတော်မှာပါဝင်ပြီ"လို့ ကျွန်တော်တို့ မပြောရဘူး။ အဲဒါမျိုးပြောတာ ကျမ်းစာနဲ့မညီပါဘူး။ ကျွန်တော်တို့ရဲ့ ဟိုက်ဒဲလ်ဘာ့(ဂ်)အမေးအဖြေများက ကလေးငယ်များကို ဘာလို့ဗတ္တိဇံပေးရသလဲဆိုတာကို ဆွေးနွေးတဲ့အခါ၊ "ကလေးတွေကိုလည်း ဗတ္တိဇံပေးကိုပေးရပါမယ်။ ဘာလို့လဲဆိုတော့ လူကြီးတွေသာမဟုတ်ဘူး၊ ကလေးတွေလဲ ဘုရားသခင်ရဲ့ပဋိညာဉ်မှာပါနေလို့ဘဲ၊ ကလေးတွေဟာ သခင်ယေရှုခရစ်တော်ရဲ့အသင်းတော်မှာ ပါနေလို့ဘဲ"ဆိုပြီးပြောပါတယ် (မေးခွန်း ၇၄)။ ကျွန်တော်တို့ ကလေးတွေကို ဗတ္တိဇံပေးတာဟာ အသင်းတော်ထဲမှာ ပါဖို့မဟုတ်ပါဘူး၊ သူတို့ဟာ အသင်းတော်သူ/သားများဖြစ်နေပြီးဖြစ်လို့ပါဘဲ။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင်ဟာ သူ့ရဲ့ပဋိညာဉ်ကို ဆွေစဉ်မျိုးဆက်တလျှောက် တည်တော်မူလို့ဘဲ၊ ဘုရားသခင်ဟာ သူ့ရဲ့အသင်းတော်ကို ဆွေစဉ်မျိုးဆက်တလျှောက်မှာ ကယ်တင်လို့ဘဲဖြစ်ပါတယ်။

အဲဒီလိုမျိုးပြောလို့၊ အသင်းတော်မှာရှိတဲ့ ယုံကြည်သူတို့ရဲ့ကလေးတွေရဲ့နာမည်များဟာ အသင်းသူ/သားများ နာမည်စာရင်းမှာ ပါနေတယ်လို့ ပြောတာမဟုတ်ပါဘူး။ အဲဒီလိုပါတာတော့ သေချာပါတယ်။ စာရင်းဇယားကောင်းကောင်းထိန်းတဲ့ အသင်းတော်တွေမှာ အသင်းသူ/သားတွေရဲ့ကလေးတွေရဲ့ နာမည် တခုမကျန်ကိုလည်း မှတ်တမ်းပြုထားကြပါတယ်။ အဲဒီလို အသင်းလူကြီးတွေပြုစုတဲ့ နာမည် စာရင်းဇယားထဲမှာ ကလေးတွေရဲ့နာမည် ပါနေယုံကလေးကို ကျွန်တော်ပြောနေတာမဟုတ်ပါဘူး။ တည်ထောင်ဖွဲ့စည်းထားတဲ့ အသင်းတော်ထဲမှာ မွေးဖွားလာတဲ့ ကလေးငယ်ဟာ သခင်ခရစ်တော်ရဲ့ ကိုယ်ခန္ဓာအဖွဲ့ဝင်ဖြစ်တယ်၊ ဘုရားသခင်ရဲ့မိသားစုဝင် တယောက်ဖြစ်တယ်လို့ ကျွန်တော် ပြောနေတာဖြစ်တယ်။ အဲဒီကလေးငယ်ထံမှာ ဘုရားသခင်က ဒီလိုပြောပါတယ်၊ "ငါဟာ သင့်ဘုရားဖြစ်တယ်၊ သင်ဟာလဲ ငါ့ကလေးဖြစ်တယ်။"

ပြီးတော့ ဒီအမှန်တရားက အသင်းတော်ရဲ့ သာသနာပြုလုပ်ငန်းလုပ်ခြင်းကိုလည်း မလစ်ဟင်းစေပါဘူး။ ဘာလို့လဲဆိုတော့ ဘုရားသခင်ဟာ ဓမ္မသစ်ကာလမှာ သူ့အသင်းတော်ကို နိုင်ငံပေါင်းစုံကနေ စုစည်းနေလို့ပါဘဲ။ ပင်တေကုတ္တေနေ့မှာ ဝိညာဉ်တော်ကို သွန်းလောင်းတဲ့အခါ၊ အသင်းတော်ရဲ့နယ်နိမိတ်ဟာ၊ အစ္စရေးတတိုင်းပြည်ထဲမှာဘဲ ရှိခဲ့တာကို ဖေါက်ထွက်ပြီး ကျယ်ပြန့်သွားပါတယ်။ အဲဒါကြောင့် ဒီနေ့ချိန်ဝိညာဉ်တော်ရဲ့အလုပ်ဟာ၊ တိုင်းနိုင်ငံပေါင်းစုံ၊ လူမျိုးပေါင်းစုံထဲမှာ လုပ်နေတာဖြစ်ပါတယ်။

ဒါပေမဲ့ သန့်ရှင်းသောဝိညာဉ်တော်ဟာ အသင်းတော်ကို စုစည်းတဲ့အခါမှာ၊ ဟိုမှာတယောက်၊ ဒီမှာတယောက်ပုံစံနဲ့ တသီးပုဂ္ဂလတွေကို ကယ်တင်တာမဟုတ်ပါဘူး။ ဝိညာဉ်တော်ဟာ ယုံကြည်သူတွေနဲ့ သူတို့မျိုးနွယ်ဆက်၊ သားသမီးတွေ ဆွေစဉ်မျိုးဆက်တွေကို စုစည်းတာဖြစ်ပါတယ်။ ဒါကြောင့် ဖိလ္လိပိမြို့ထောင်မှူးက "ဆရာ ကယ်တင်ခြင်းရဖို့ ဘာလုပ်ရမလဲလို့" နှလုံးသားကွဲကြေမတတ်အသံနဲ့ မေးလာတဲ့အခါမှာ ရှင်ပေါလုက "သခင်ယေရှုခရစ်တော်ကိုယုံကြည်ပါ၊ ခင်ဗျား ကယ်တင်ခြင်းရမယ်၊ ခင်းဗျားရဲ့ တအိမ်သားလုံးရောဘဲ ကယ်တင်ခြင်းရမယ်"လို့ ပြောရဲတာဖြစ်ပါတယ်။ (တမန် ၁၆း၃၀-၃၁)

နှစ်ခြင်းဝါဒီတွေက သူ့အိမ်မှာ ကလေးရှိမရှိ၊ မသိနိုင်ဘူးတဲ့။ မှန်ပါတယ် ကလေးရှိမရှိ မသိနိုင်ပါဘူး။ ဒါပေမဲ့ ရှိရှိ၊ မရှိရှိ ဘာမှပြဿနာမရှိပါဘူး။ အဲဒါက အဓိကမကျဘူး၊ အဓိကအချက်က၊ ရိုးရိုးကလေး ဒီလိုဖြစ်တယ်၊ "သခင်ယေရှုခရစ်တော်ကို ယုံကြည်ခြင်းဟာ၊ သင်နဲ့ သင့်အိမ်ထောင်စု ကယ်တင်ခြင်းရဖို့လို့" ပေါလုက ဘာ့ကြောင့်ပြောနိုင်ရတာလဲ။ ဘယ့်နှယ် ရှင်ပေါလုက ထောင်မှူးရဲ့အိမ်သားတွေကို မတွေ့ဘဲနဲ့၊ သူ့အိမ်မှာ ကလေးရှိမှန်း မရှိမှန်းတောင် မသိဘဲနဲ့ ဘာလို့ အဲဒီလိုပြောနိုင်ရတာလဲ။ ကလေး ရှိရှိမရှိရှိ ပေါလုအတွက် ဘာမှမထူးပါဘူး၊ ဘာလို့လဲဆိုတော့ ကယ်တင်ခြင်းဆိုတာ ဆွေစဉ်မျိုးဆက်ထဲမှာ ဖြစ်တယ်လို့ ရှင်ပေါလုက နားလည်ထားတာကိုး။ သခင်ယေရှုခရစ်တော်ရဲ့ အသင်းတော်ကို ယုံကြည်သူတို့နဲ့ သူတို့ရဲ့ကလေးတွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ သူတို့ဟာ ဘုရားသခင်ရဲ့ မိသားစုထဲမှာ အသစ်ပြုပြင်ခြင်းကို ခံကြရတဲ့ သားတွေ သမီးတွေဘဲ ဖြစ်ကြပါတယ်။

## ပဋိညာဉ်စောင့်ရှောက်ခြင်းဆိုသည်မှာကလေးများကိုစောင့်ရှောက်ခြင်း

ဒါကြောင့် အသင်းတော်ထဲမှာ ပဋိညာဉ်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုတာ၊ ကလေးတွေကိုသေချာစွာ စောင့်ရှောက်ခြင်းဘဲ ဖြစ်ပါတယ်။ ဒီနေ့ခေတ်အသင်းတော်တွေဟာ အဲဒီအတွေးအခေါ်မျိုး ရှိကိုမရှိကြတော့ပါဘူး။ အမေရိကန်အသင်းတော် အတော်များများမှာ ကလေးတွေကို အသင်းတော်ဝတ်ပြုတဲ့နေရာမှာ ခေါ်လာနေကြတုန်းဘဲဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီလိုခေါ်လာပြီးတော့ အတော်မိုက်မဲတဲ့၊ အပြစ်လို့ပြောလို့ရတဲ့ လုပ်ပုံကိုင်ပုံတွေကို လုပ်နေကြတာတွေ့နေရပါတယ်။ အဲဒီလိုမျိုးအသင်းတော်တွေမှာ ဝတ်ပြုခြင်း မစခင် သင်းအုပ်က ကလေးတွေကို ရှေ့ဆုံးကိုခေါ်လိုက်ပါတယ်။ ပြီးတော့ သင်းအုပ်က ကလေးတွေကို ဟိုပြော ဒီပြော ပြောပါတယ်၊ ပြီးတော့ ကလေးတို့ သွားလို့ရပြီလို့ ပြောတယ်၊ အဲဒီအခါမှာ ပရိတ်သတ်ထဲက လူတယောက် ထလာပြီး ကလေးတွေကို တခြားနေရာခေါ်သွားတတ်ပါတယ်။ ဒါမျိုးလုပ်တာ ကလေးတွေကို ခရစ်တော်ထံခေါ်ရာ မရောက်ပါဘူး၊ ခရစ်တော်ထံကနေ အဝေးကိုခေါ်သွားခြင်းသာ ဖြစ်ပါတယ်။

ရှင်ယောဟန်ခရစ်ဝင်ရဲ့ နောက်ဆုံးအခန်းကြီးထဲမှာ အတော်စိတ်ဝင်စားစရာကောင်းတဲ့ အဖြစ်အပျက်ကို ကျွန်တော်တို့အတွက် မှတ်တမ်းတင်ပေးထားပါတယ်။ ပေတရုက သခင်ဘုရားကို ဘယ်လိုငြင်းပယ်ခဲ့ကြောင်း ခင်ဗျားသတိရမှာပါ။ သခင်ဘုရားကို ငြင်းပယ်ခြင်းဆိုတာ ကြီးမားလှတဲ့အပြစ်ဖြစ်တဲ့အတွက် ပေတရုဟာ သူ့ကိုယ်သူ သခင်ဘုရားရဲ့တပည့်တော် မဖြစ်နိုင်တော့ဘူး၊ နောက်ပိုင်း တမန်တော်အဖြစ်ဆက်ပြီးအသက်ရှင်ဖို့ မဖြစ်နိုင်တော့ဘူးဆိုပြီး ဆုံးဖြတ်ပါတယ်။ သူ့အပြစ်ကြောင့် သူ့ကိုယ်သူ ခရစ်တော်ထံကနေ ဖယ်ခွာပါတယ်။ အဲဒါကို အင်မတန်စိတ်လှုပ်ရှားစရာကောင်းတဲ့ ပြုမူမှုတွေနဲ့၊ ပေတရုကို နေရာမှန်ပြန်ရောက်အောင် သခင်ဘုရားက ပြန်ပို့ပေးတဲ့အဖြစ်အပျက်ပါဘဲ။ တမန်တော်အဖြစ်ကို ပြန်ပို့ပေးခြင်းခံရတဲ့ ပေတရုကို မှာကြားတာတွေကအများကြီးဘဲ၊ ဒီအထဲမှာ အရေးကြီးဆုံးကတော့ "ငါ့သိုးတို့ကို ကျွေးမွေးပါ"ဆိုတာပါဘဲ (ယော ၂၁း၁၅)။ အဲဒီအမိန့်တော်ဟာ တမန်တော်တွေအားလုံးကို ပေးတာဖြစ်တယ်။ တမန်တော်တွေကို ပေးတာဖြစ်တဲ့အတွက် တမန်တော်တွေရဲ့ အခြေခံအုတ်မြစ်ပေါ်မှာ တည်ထားတဲ့ အသင်းတော်ကို ပေးတာဘဲဖြစ်ပါတယ်။ အဲဒီခရစ်တော်ရဲ့စကားတွေဟာ ရာစုနှစ်တွေတလျှောက်မှာ မြည်ဟီးလျှက် ဒီနေ့ခေတ်တိုင်အောင်ဘဲ သခင်ခရစ်တော်ရဲ့အသင်းတော်အတွက် ဆက်လက် အသက်ဝင် နေပါတယ်၊ "ငါ့သိုးတို့ကို ကျွေးမွေးပါ။"

ခင်ဗျားပြောရမဲ့ အမှန်တရားဖြစ်တဲ့၊ မပြောလို့ကိုမရတဲ့၊ အသင်းတော်ထဲမှာပဋိညာဉ်ကို စောင့်ရှောက်ထိန်းသိမ်းခြင်းဆိုတာကို အဲဒီအချက်ကနေ စရမှာဖြစ်တယ်၊ ခရစ်တော်ရဲ့သိုးတွေကို ကျွေးမွေးပါ။

သခင်ခရစ်တော်က အလိုတော်ရှိတယ်၊ သခင်ခရစ်တော်က ခိုင်းနေပါတယ်။ ဓမ္မသစ်အသင်းတော်ထံ သခင်ခရစ်တော်ဟာ သူ့ရဲ့အမိန်တော်တွေကို တမန်တော်တွေအားဖြင့် ပေးတဲ့အခါမှာ အဲဒီအချက်ကို အထူးပြုပြီး ပေးခဲ့ပါတယ်။

အဲဒါကြောင့် ခရစ်တော်ရဲ့သိုးတွေကို မကျွေးမွေးချင်ဘူးလို့ ငြင်းပယ်တာဟာ ဘယ်လောက် ဆိုးဝါးတဲ့အပြစ် ဖြစ်ပါသလဲ။ ဘာဖြစ်လို့ ကျွေးမွေးရမှာလဲ။ ဘာလို့လဲဆိုတော့ သူတို့ဟာ သိုးတွေဖြစ်လို့ဘဲ။ သူတို့ဟာ သိုးခြံထဲမှာ ပါနေလို့ဘဲ။ လူကြီးတွေလဲပါသလို၊ ကလေးတွေလဲပါနေပါတယ်။ အဲဒါက ကျွန်တော်တို့ကို ဟေရှာ ၄၀း၁၁ကို သတိရစေပါတယ်၊ “မိမိသိုးစုကို သိုးထိန်းကဲ့သို့ ကျွေးမွေးတော်မူမည်။ သိုးသငယ်တို့ကို ချီ၍ ပိုက်ပွေ့တော်မူမည်။ သားငယ်ရှိသော သိုးမတို့ကိုလည်း ဖြည့်ညင်းစွာ ပို့ဆောင်တော်မူမည်။”

အဲဒီလို ဂရုစိုက်ခြင်းဟာ ဗတ္တိဇံမင်္ဂလာကနေ စပါတယ်။ ဗတ္တိဇံက သိုးသငယ်တွေကို ကျွေးမွေးပါတယ်။ ဗတ္တိဇံဆိုတာ ပဋိညာဉ်ရဲ့အထိမ်းအမှတ်ဖြစ်တယ်။ ဒါ့ကြောင့် ဗတ္တိဇံဆိုတာ ဘုရားသခင်က သူ့ပဋိညာဉ်ကို ယုံကြည်သူတွေနဲ့သူတို့မျိုးနွယ်ဆက်တွေထံမှာ ပြုတော်မူချင်တယ်ဆိုတဲ့ အထိမ်းအမှတ်ဘဲဖြစ်ပါတယ်။ ဗတ္တိဇံဆိုတာ အရေဖျားလှီးခြင်းမင်္ဂလာနေရာကို အစားထိုးဝင်ရောက်တဲ့ အံ့သြစရာ မင်္ဂလာတပါး ဖြစ်ပါတယ်။ အဲဒီဗတ္တိဇံမင်္ဂလာက ဘာကိုပြောသလဲဆိုရင် ကျွန်တော်တို့ လူကြီးတွေရဲ့ အပြစ်တွေကို သခင်ခရစ်တော်ရဲ့အသွေးတော်က ဆေးကြောသန့်စင်ပေးလိုက်သလို၊ ကျွန်တော်တို့ရဲ့ ကလေးတွေရဲ့ အပြစ်တွေကိုလဲ သခင်ခရစ်တော်ရဲ့အသွေးတော်က ဆေးကြောသန့်စင်ပေးလိုက်တယ်ဆိုတာ ကွက်ကွက်ကွင်းကွင်းဖေါ်ပြတဲ့ မင်္ဂလာဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ကလေးတွေဟာ သခင်ခရစ်တော်ရဲ့ အသွေးတော်ကြောင့် ဘုရားသခင်ရဲ့ ထာဝရကျေးဇူးတော်ပဋိညာဉ်မှာ ထည့်ထားခြင်းခံကြပါတယ်။

ကလေးငယ်ကို ဗတ္တိဇံပေးတဲ့အချိန်မှာ ဘုရားသခင်ရဲ့ကျေးဇူးတော်ကို စပြီးတော့ နည်းနည်းကလေး လက်ခံရရှိနေပြီလို့ ကျွန်တော်ပြောချင်တာမဟုတ်ပါဘူး။ ကလေးငယ်ရဲ့နှလုံးသားထဲမှာ သခင်ယေရှုခရစ်တော်ရဲ့ ဝိညာဉ်တော်ဟာ ရှိနေပြီလို့ ပြောချင်တာဖြစ်တယ်။ သခင်ယေရှုခရစ်တော်ရဲ့ဝိညာဉ်တော်ဟာ လောကသားတွေ မတွေးမိနိုင်လောက်တဲ့ တန်ခိုးစွမ်းအားကို ပိုင်ဆိုင်ပါတယ်။ ဖျားနာပြီး၊ သေခြင်းတရားနဲ့ နီးနေပြီဖြစ်တဲ့ မိမိအသင်းသူ/သားတွေကို သစ္စာရှိစွာ သွားဆုတောင်းပေးလေ့ရှိတဲ့ သင်းအုပ်တိုင်းက သေချာစွာ သိကြပါတယ်၊ အဲဒီလူနာအသင်းသားမှာ အသက်ရှင်ခြင်းရဲ့လက္ခဏာတွေ တခုမှ မရှိတော့ဘူး၊ ရှင်နေကြောင်းသိရသေးတာက ရှဲ့ရှဲ့ကလေး အသက်ရှူနေသေးလို့ဘဲ၊ ဒီလိုအချိန်မျိုးမှာတောင် အဲဒီအသင်းသားထံမှာ ဝိညာဉ်တော်ဟာ ရှိနေတော်မူတယ်ဆိုတာကို သိနိုင်ပါတယ်။ အဲဒီလိုဘဲ ကလေးငယ်လေးထံမှာ ဖြစ်ပါတယ်။ ကလေးငယ်ဟာ အသင်းတော်ရဲ့ လွှမ်းမိုးခြင်းကို ခံရပါတယ်။ ဆာလံသီချင်းဆိုသံတွေ၊ သင်းအုပ်ရဲ့ဒေသနာစကားတွေ၊ ဘုရားသခင့်လူတွေရဲ့မိတ်သဟာယဖွဲ့ခြင်းတွေက မွေးတာနဲ့ သူ့ကို လွှမ်းမိုးပါတယ်။ ဒါကြောင့် ပဋိညာဉ်ကို ထိမ်းသိမ်းစောင့်ရှောက်ခြင်းဆိုတာ၊ ခရစ်တော်ရဲ့သိုးတွေကို ကျွေးမွေးတာဘဲဖြစ်တယ်။

ဒါတင်မကဘူး အသင်းတော်မှာ တခြားတာဝန်တွေရှိပါသေးတယ်။

မိခင်တိုင်းက သူ့ကလေးဟာ ကျန်းမာသန့်ရှင်းတဲ့အစားအသောက် လိုတယ်လို့ သိကြပါတယ်။ ဘယ်မိခင်ကမှ ရေထိုးထားတဲ့နို့ကို တိုက်ဖို့ ကျေနပ်မှာမဟုတ်ပါဘူး၊ အကောင်းဆုံးနို့ကိုသာ သူ့ကလေးကို တိုက်ချင်မှာဖြစ်တယ်။ ဘယ်မိခင်ကမှ အဆိပ်ရောထားတဲ့နို့ကို ကလေးကိုတိုက်ချင်မှာမဟုတ်ပါဘူး။ မိခင်တိုင်း မိမိကလေးကို အကျိုးပြုမဲ့အစားအစာကိုဘဲ ကျွေးချင်ပါတယ်။ ဘယ်လို ပဋိညာဉ်မိဘကများ၊ မိမိတို့ရဲ့ပဋိညာဉ်ကလေးများအတွက်၊ ဝိညာဉ်အစာကိုကျွေးဖို့ အဲဒီလိုအကောင်းဆုံးကို မတွေးပေးဘဲ နေနိုင်မှာလဲ။

ကျွန်တော်တို့အသင်းတော်တွေမှာ ကလေးငယ်တွေကို ဗတ္တိဇံပေးရာမှသုံးတဲ့ ပုံစံရှိပါတယ်။ “ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းစာထဲ၌ရှိသောအယူဝါဒများ၊ ခရစ်ယာန်ယုံကြည်ခြင်းစာပိုဒ်များထဲတွင်ပါဝင်သော သြဝါဒများ၊ ထိုသြဝါဒများကိုသင်ကြားနေသော ဤခရစ်ယာန်အသင်းတော်မှသင်နေသောအရာများသည်၊ မှန်ကန်သော၊ ပြည့်စုံသော ကယ်တင်ခြင်းသို့ရောက်ရာ သြဝါဒများဖြစ်ပါသည်ဟု သင် ယုံကြည်အသိအမှတ်ပြုပါသလား။” ဒါကို ကျမ်းစာကပါတဲ့စကားလုံးတွေအတိုင်းပြန်ပြောရရင် “ကလေးငယ်ကို သူ့ဝိညာဉ်ကိုအကျိုးပြုတဲ့အစာများနဲ့သာ ကျွေးမွေးပြုစုပါမယ်လို့ ကတိပေးနိုင်ပါသလား”လို့ မိဘ

တွေကို မေးတာဖြစ်ပါတယ်။ မိမိရဲ့ကလေးကို အိမ်ရောက်ရင် အငတ်ထားမဲ့မိခင်မျိုးတွေ့ရင် ဘယ်ဆရာဝန်ကမှ ပြန်လွှတ်မှာ မဟုတ်ပါဘူး။ အသင်းတော်လဲ ဒီလိုစိတ်ဓါတ်မျိုးဘဲ ရှိပါတယ်။ ဒါ့ကြောင့် မိဘတွေကို ဘုရားသခင်ရဲ့ရှေ့မှာ ကတိပေးခိုင်းတာဖြစ်တယ်။ "ကလေးငယ်ကို ထာဝရအသက်ကို ပေးနိုင်တဲ့ ဝိညာဉ်ရေးရာအစာနဲ့သာ ကျွေးမွေးပြုစုပါမယ်။"

အဲဒီကတိကို မပျက်စေရပါဘူး။ အသင်းတော်ဟာ အဲဒီကလေးကို ကျွေးမွေးဖို့ တာဝန်ရှိပါတယ်။ အသင်းတော်ဟာ ကလေးတွေ ဝိညာဉ်ရေးရာ တိုးတက်ခွန်အားရဖို့ တာဝန်ရှိပါတယ်။ ကလေးတွေကို အသင်းတော်ကို ခေါ်လာရပါမယ်၊ ဝတ်ပြုတဲ့နေရာမှာ နေခိုင်းရပါမယ်။ ကျွန်တော်တို့တွေဟာ တရားဒေသနာကို ကလေးတွေ ဘယ်လောက်နားလည်နိုင်သလဲဆိုတာကို ခဏခဏ လျှော့တွက်တတ်ကြပါတယ်။ မကြာမကြာဘဲ၊ ကလေးတွေ၊ မူကြိုတက်စကလေးတွေ၊ တရားဒေသနာဟောတာကို သူတို့ ဘယ်လောက်နားလည်ကြောင်း ပြောပြလို့ ကျွန်တော် အကြီးအကြယ်အံ့သြရပါတယ်။ မိဘတွေက ကလေးတွေကို အသင်းတော်ခေါ်လာဖို့ တာဝန်ရှိကြပါတယ်။ တရားဒေသနာကို နာထောင်တတ်ဖို့ သင်ပေးရမှာ မိဘတွေရဲ့ တာဝန်ဖြစ်တယ်။

တခါ ကျွန်တော် သင်းအုပ်လုပ်ခဲ့တဲ့အသင်းတော်မှာဆိုရင် မီးဖွားစအမေတွေ၊ အပြင်ထွက်နိုင်ပြီဆိုတာနဲ့၊ သူတို့နဲ့အတူ ကလေးကို ဘုရားကျောင်းခေါ်လာကြပါတယ်။ တခါတလေဆို၊ ဝတ်ပြုတဲ့နေရာမှာ မွေးခါစလေးတွေ၊ လေးငါးယောက်လောက်ရှိတတ်ပါတယ်။ ကလေးတွေငိုရင်၊ အပြင်ခေါ်သွားဖို့နေရာမရှိတာနဲ့ ဝတ်ပြုတဲ့နေရာမှာဘဲ မိခင်တွေနေရပါတယ်။ အမေတွေက ကျွန်တော့်ကို မေးပါတယ်၊ "ကလေးတွေငိုတာ စိတ်ရှုပ်ပါသလား"လို့၊ ကျွန်တော်ပြန်ဖြေပါတယ်၊ ဝတ်ပြုချိန်မှာ ရှုပ်ကောင်းရှုပ်ပါမယ်။ ဒါပေမဲ့ ကလေးတွေ၊ ဘုရားကျောင်းထဲမှာ ငြိမ်ငြိမ်ထိုင်နိုင်ချိန် ခြောက်နှစ် ခုနှစ်နှစ် လောက်အထိ၊ အိမ်မှာ ထားခဲ့တာထက်၊ ငိုချင်ငိုပါစေ၊ ဘုရားကျောင်းခေါ်လာတာ ကျွန်တော်ပိုကြိုက်ပါတယ်။

အဲဒီလိုပြောလို့၊ ခင်ဗျာဟာ ကလေးကို ဘုရားကျောင်းခေါ်သွား၊ ပြီးတော့ ထိုင်ခုံမှာထိုင်းပြီး အိပ်ပျော်သွားအောင်လုပ်၊ အဲဒီလိုနဲ့ ဘေးကလူတွေကို စိတ်မရှုပ်ခိုင်းတော့ဘူးလို့ ပြောနေတာမဟုတ်ပါဘူး။ မိဘတွေအနေနဲ့ ကလေးကို နားထောင်တတ်အောင် သင်ပေးရမယ်လို့ ပြောနေတာဖြစ်တယ်။ ဝတ်ပြုခြင်း မစခင်၊ သင်းအုပ်ဆရာက ဘယ်လိုတရားဟောမှာဖြစ်တဲ့အကြောင်း သင်ပေးဖို့ဖြစ်တယ်။ ဘာဖြစ်လို့ သူ တရားဟောတာကို နားထောင်ရမှာလဲဆိုတာ သင်ပေးပါ။ သင်းအုပ်ဆရာဟောတာဟာ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဖြစ်တယ်ဆိုတာ နားလည်ဖို့ သင်ပေးပါ။ သင်းအုပ်ပြောတာကို မှတ်မိနိုင်သမျှ မှတ်မိအောင် နားထောင်တတ်ဖို့ သင်ပေးပါ။ ရလဒ်က ခင်ဗျားကို အံ့သြစေလိမ့်မယ်။ ကျွန်တော့် အတွေ့အကြုံအရ ပြောရမယ်ဆိုရင်၊ မိဘတွေရဲ့အပြစ်ဖြစ်တယ်၊ သူတို့က အမြဲတမ်း ကလေးတွေရဲ့ ဝိညာဉ်ရေးရာ နားလည်နိုင်စွမ်းကို အထင်သေးတတ်ကြပါတယ်။

ဒါပေမဲ့ တရားပလ္လင်ပေါ်ကနေ၊ သင်းအုပ်ဆရာဟောကြားတဲ့ ဘုရားသခင်ရဲ့အကြံအစည်တော် တခုလုံးရဲ့ ဩဝါဒတွေကို ကလေးတွေဟာ အပြည့်အဝနားမလည်နိုင်သေးဘူးလို့ အသင်းတော်က သေချာစွာ သိပါတယ်။ ဒါ့ကြောင့် အသင်းတော်ဟာ ကလေးတွေအတွက် အမေးအဖြေများအားဖြင့် ကျမ်းစာသင်ကြားခြင်းပုံစံကို ပြုလုပ်ပေးထားပါတယ်။ အသင်းတော်က အဲဒီလိုလုပ်ရတာဟာ ဆန်းဒေးစကူးနဲ့ မလုံလောက်တာကို သိလို့ဖြစ်တယ်။

အမေးအဖြေအားဖြင့် ကျမ်းစာသင်ပေးခြင်းဟာ ဒီနေခေတ်မှာ အတော်အခြေအနေဆိုးနေပါပြီ၊ အသင်းတော်အတော်များများမှာဆိုရင် မလုပ်ကြတော့ပါဘူး။ တချို့အသင်းတော်တွေမှာ လုပ်တော့လုပ်သေးတယ်၊ ဒါပေမဲ့ သူတို့စတင်တဲ့အရွယ်ဟာ အသက် ၁၂ နှစ် ၁၃ နှစ်မှာမှ စကြတယ်။ တကယ့်အကောင်းဆုံးအရွယ် ၇ နှစ် ၈ နှစ်ကို မေ့ထားကြတယ်။

တချို့အသင်းတော်တွေမှာ ကလေးတွေ ၅ နှစ် ၆ နှစ်ကနေစကြပါတယ်၊ ဒါပေမဲ့ သင်းအုပ်က အလုပ်များလွန်းတော့၊ သေချာမသင်ဘူး၊ အပေါ်ယံကျော့ဘဲ သင်ပြန်ပါတယ်။ "သူတို့က ကလေးဘဲ ရှိသေးတယ်။ အမေးအဖြေသင်ခန်းစာတွေကို အမြန်သင်လိုက်လို့ဘာမှဖြစ်မှာမဟုတ်ဘူး၊ ဘယ်သူသိတာမှတ်လို့"ဆိုပြီး သင်းအုပ်တွေထင်ပြန်တယ်။ အဲဒီလိုလုပ်လို့ကတော့ ဘာမှထူးလာမျာမဟုတ်ဘူး။ ကလေးတွေကို သင်ပေးဖို့ သင်ခန်းစာပြင်ဆင်ရတာဟာ၊ သခင်ဘုရားရဲ့နေ့မှာဟောပြောဖို့ တရားဒေသနာကို ပြင်ဆင်ရတာနဲ့ အတူတူပါဘဲ။ မိမိတာဝန်ကို သေချာနားလည်တဲ့ သင်းအုပ်တိုင်း၊ မိမိနားထဲမှာ ခရစ်

တော်ရဲ့အသံကို ကြားနေမှာဖြစ်ပါတယ်၊ “ငါ့သိုးတို့ကို ကျွေးမွေးပါ။” ဒါ့ကြောင့် သင်းအုပ်ဟာ ကလေးတွေကို ပင်ပန်းစွာ ကြိုးစားလျှက် ကျမ်းစာကို သင်ပေးပါတယ်၊ ပထမ ကျမ်းစာသမိုင်းကြောင်းကနေ၊ ပြီးတော့ ပဋိညာဉ်သမိုင်းကြောင်းကနေ၊ ပြီးတော့ ဘုရားသခင်ရဲ့ ခွန်အားကြီးစွာ လုပ်ကိုင်ခြင်းတွေကို အသေအချာ သင်ပေးပါတယ်။ နောက်တော့ ကလေးတွေကို ရီဖော့(မ်)ယုံကြည်ချက်ရဲ့ ကြီးမြတ်တဲ့ အမှန်တရားတွေကို ဖြေးဖြေးခြင်း နိဒါန်းပျိုး သင်ပေးပါတယ်။ အဲဒါတွေကို သတင်းကောင်းဟောကြားသူ သင်းအုပ်ဆရာအနေနဲ့ လုပ်တာဖြစ်တယ်။ အသင်းတော်ထဲက ခရစ်တော်ရဲ့ အစေခံအနေနဲ့ လုပ်တာဖြစ်တယ်။ အသင်းတော်ရဲ့ အမှုဆောင်တယောက်အနေနဲ့ အသင်းတော်ရဲ့တာဝန်ကို ကျေပြွန်အောင် လုပ်နေတာ ဖြစ်တယ်။ ဘယ်ထိအောင်လဲဆိုတော့ အဲဒီကလေးတွေ ရင့်ကျက်လာပြီး၊ အသင်းတော်မှာ သူတို့ရဲ့ တာဝန်တွေကို ယူနိုင်လာချိန်အထိဖြစ်ပါတယ်။

ဒီအကြောင်းနဲ့ပတ်သက်ပြီး ကျွန်တော်အမြင်မှာ သိပ်ကိုအရေးကြီးတဲ့အကြောင်း နောက်တခုကို ပြောချင်ပါသေးတယ်။ အသင်းတော်မှာရှိတဲ့ကလေးတွေဟာ အသင်းတော်ရဲ့တာဝန်ဖြစ်တယ်။ မိဘတွေက သူတို့ရဲ့ကလေးတွေကို ဗတ္တိဇံပေးဖို့ အပ်နှံတဲ့အခါ၊ အသင်းတော်ကမေးတဲ့မေးခွန်းကို “မှန်ပါတယ်၊ လုပ်ပါမယ်”လို့ ဖြေတဲ့အခါ၊ မိဘတွေက သူတို့ကလေးတွေကို သခင်ဘုရားရဲ့ လမ်းခရီးတော်ထဲမှာ သွန်သင်ပါမယ်လို့ တာဝန်ကို စယူဖို့ ဝန်ခံကြတာဖြစ်တယ်။ ဒါပေမဲ့ အသင်းတော်တခုလုံးကလဲ မိဘတွေနဲ့အတူ တူညီသော ဝန်ခံမှုကို ပြုကြတာဖြစ်တယ်၊ “မှန်ပါသည် ကျွန်တော်တို့သည် ခရစ်တော်၏ သိုးသငယ်များကို ပဋိညာဉ်သွန်သင်ခြင်းများဖြင့် သွန်သင်ဖို့ရန် တာဝန်ယူကြပါသည်၊” ဒါကို လုံးဝ မမေ့ပါနဲ့။ ကျွန်တော်တို့အားလုံး အသင်းတော်မှာရှိတဲ့ ကလေးတွေအတွက် တာဝန်ရှိကြတယ်ဆိုတာကို မမေ့ကြပါနဲ့။ “အိုး၊ ဒါသူတို့ကလေးတွေဘဲ၊ သူတို့တာဝန်ပေါ့”လို့ ဘယ်တော့မှ မပြောပါနဲ့။ အဲဒီ ခရစ်တော် ပေးထားတဲ့တာဝန်ကို လစ်လျူရှုတဲ့ ဘယ်အသင်းတော်မဆို ဒုက္ခရောက်ပါတယ်။ ဘာလို့လဲဆိုတော့ ကလေးတွေကို သွန်သင်ဖို့ မလိုအပ်ပါဘူးလို့ တွေးထင်လို့ဖြစ်တယ်။ အဲဒါဟာ ပဋိညာဉ်ကို စောင့်ရှောက်ရာမှာ အစပျိုးရတဲ့ နေရာပါဘဲ။

## ပဋိညာဉ်ကိုစောင့်ရှောက်ခြင်းဆိုသည်မှာ ကြိုးစားအားထုတ်ခြင်း(ဧဖက် ၄း၃)

ဘုရားသခင်ရဲ့ပဋိညာဉ်ကို အသင်းတော်ထဲမှာ စောင့်ရှောက်ထိန်းသိမ်းခြင်းဆိုတာ၊ ပေါလုက ဧဖက် ၄း၃မှာပြောတာကို အကောင်အထည်ဖေါ်တာလဲ ဖြစ်ပါတယ်။ “သင်တို့သည် အချင်ချင်း စိတ်သဘော မခြားမနား တလုံးတဝတည်းဖြစ်အံ့သောငှာ ကြိုးစားအားထုတ်ကြလော့။” အဲဒီ “ကြိုးစားအားထုတ်ကြပါ”ဆိုတဲ့စကားကို ဒီလိုလဲ အဓိပ္ပါယ်ဖွင့်လို့ရပါတယ်၊ “သင့်မှာရှိသမျှခွန်အားနှင့်ရှုန်းကန်ခြင်း၊ နေ့ညမပြတ် လုပ်ဆောင်ခြင်း၊ ငြိမ်းချမ်းခြင်းအတွင်း စိတ်နှလုံးတညီတညွတ်တည်းရှိရန် တာဝန်ကို ထမ်းဆောင်ရာတွင် မိမိကိုယ်ကို လုံးလုံးလျှားလျှား မြှုတ်နှံခြင်း။”

ဒီကျမ်းပိုဒ်က အရေးကြီးတဲ့အကြောင်းအရာတချို့ကို ခင်ဗျားတို့ ဂရုပြုနိုင်ဖို့ ပြောပြပါမယ်။ ပထမအနေနဲ့ အငယ်(၁)ကိုကြည့်ပါ၊ “သခင်ဘုရားအတွက် အကျဉ်းခံရသော ငါသည် သင်တို့ကို တိုက်တွန်း နှိုးဆော်ပါ၏။” ရှင်ပေါလုက ဒီလိုပုံစံနဲ့ ဆုံးမစကားရေးရတာဟာ၊ ဧဖက်အသင်းတော်ကို သူဟာ ရောမမြို့မှာ အကျဉ်းသားဖြစ်နေကြောင်း၊ အသက်ရှင်ဖို့ အချိန် သိပ်မရှိတော့ကြောင်း သိစေချင်လို့ဖြစ်တယ်။ ဧဖက်အသင်းတော်ကို ဒီလိုပြောချင်တာဖြစ်တယ်၊ “ငါဟာ အခု ခရစ်တော်ရဲ့ အသင်းတော်အတွက် အမှုတော်ဆောင်တာ အဆုံးသတ်ရတော့မယ်။ အကျဉ်းသားဆိုတော့ ဘယ်နေ့ အကွပ်မြတ်ခံရမယ် မသိဘူး။ ဒါ့ကြောင့် မသေခင် ငါ မင်းတို့စီမှာ ဘာကိုအဖြစ်စေချင်ဆုံးလဲလို့ မေးခဲ့ရင်၊ ဒါဘဲလို့ပြောမယ်၊ ဝိညာဉ်ရေးရာ ညီညွတ်ခြင်းကို ရဖို့ အားထုတ်ကြိုးပမ်းကြပါ။”

ဒုတိယအနေနဲ့၊ ဒီနေရာမှာ ရှင်ပေါလုပြောနေတာဟာ တည်ထောင်ဖွဲ့စည်းထားတဲ့အသင်းတော်ဖြစ်တယ်။ ရှင်ပေါလုအတွက် ပဋိညာဉ်ကို ထိန်းသိမ်းစောင့်ရှောက်ကြတဲ့ ဘုရားသခင်ရဲ့လူတွေဟာ အသင်းသူ/သားတွေဘဲဖြစ်ပါတယ်။ ဒါ့ကြောင့် အသင်းတော်ရဲ့အသင်းသူ/သားတွေအနေနဲ့ ဝိညာဉ်ရေးရာညီညွတ်ခြင်းကို ငြိမ်းခြမ်းစွာနဲ့ အကောင်အထည်ဖေါ်ကြပါလို့ ပြောနေတာဖြစ်တယ်။

**အသင်းတော်သည်အရေးကြီးဆုံးဖြစ်ခြင်း**

တတိယအနေနဲ့ ရှင်ပေါလုပြောနေတာက၊ ကျွန်တော်တို့ရဲ့သခင်ယေရှုခရစ်တော်ရဲ့အသင်းတော်ဟာ ကျွန်တော်တို့ဘဝမှာ အရေးအကြီးဆုံးဘဲ၊ အသက်ရှင်ခြင်းရဲ့ဗဟိုဘဲလို့ ပြောနေတာဖြစ်တယ်။ အဲဒါဟာ အရမ်းအရေးကြီးတယ်။ ဘာလို့လဲဆိုတော့ အသင်းတော်တခုမှာ အသင်းသားဖြစ်နေကြတဲ့သူတွေတောင်၊ အသင်းတော်ဟာ သိပ်အရေးမကြီးပါဘူးလို့ ယူဆနေတဲ့ခေတ်ကြီးဖြစ်လို့ဘဲ။ သူတို့ကို အသင်းတော်နံ့ကောင်များလို့ ကျွန်တော် ခေါ်ချင်ပါတယ်။ သူတို့ဟာ အသင်းတော်တခုကနေတခုကို ခုန်၊ ခုန်ကူးနေကြပါတယ်၊ တစက္ကန့်လောက်တောင် မစဉ်းစားဘဲ နောက်အသင်းတော်တခုကို ရောက်သွားပြန်ပါပြီ။ နောက်ဆုံးတော့ သူတို့ ဧဝံဂေလိသတင်းကောင်းကို အပြည့်အဝဟောကြားတဲ့ ရီဖော့(မ်)အသင်းတော်ကို ရောက်လာပါတယ်။ "အိုး၊ အခုမှဘဲ ငါတို့ရှာနေတဲ့အသင်းတော်ကိုတွေ့ပြီ၊ ရီဖော့(မ်)ယုံကြည်ချက်ကို အသေအချာယုံကြည်တဲ့၊ ဟောပြောတဲ့အသင်းတော်ကိုတွေ့ပြီ။" ဆိုပြီးတော့ ပါဝင်ပါတယ်။ နောက် (၆)လတနှစ်လောက်လဲကြရော၊ သူအလုပ်လုပ်နေတဲ့နေရာက အထက်လူကြီးက၊ "မင်းကို ရာထူးသစ်ခန့်လိုက်ပြီ၊ လစာ အရင်ကထက် နှစ်ဆတိုးလိုက်ပြီ၊ ဟိုမြို့မှာဖြစ်တယ်၊ ပြောင်းပေတော့။" အဲဒီအသံလဲကြားရော၊ ခင်ဗျား၊ ဒီလူဘယ်လိုဆုံးဖြတ်မလဲလို့ အတွေးမဆုံးခင်၊ အဲဒီလူ ကပြောင်းဖို့ ကားကို စီစဉ်နေပြီ။ တကယ်လို့ ခင်ဗျားသူ့ကို လိုက်လို့မှီသေးရင် မေးကြည့်ပါ၊ "ခင်ဗျားပြောင်းတဲ့မြို့မှာ အသင်းတော်ကောင်းရှိရဲ့လား။" ချက်ခြင်းပြန်ပြောလိမ့်မယ်၊ "မသိဘူးဟေ့၊ ဒါပေမဲ့ သွားစရာတနေရာရာတော့ ရှိမှာပါဗျာ၊" ဆိုပြီး၊ လက်ပြပြီးဆက်မောင်းသွားပါလိမ့်မယ်။ အဲဒီလိုလူဟာ ပဋိညာဉ်ကို စောင့်ရှောက်သူ မဟုတ်ပါဘူး။ အသင်းတော်ဆိုတာ ဘုရားသခင်က သူ့ရဲ့ထာဝရကျေးဇူးတော်ပဋိညာဉ်ကို အကောင်အထည် ဖေါ်နေတဲ့နေရာဖြစ်တယ်။ အဲဒီအချက်က ဘာကိုပြောနေသလဲဆိုတော့၊ ဒီအသင်းတော်၊ ကျွန်တော့်အသင်းတော်၊ ကျွန်တော့ကလေးတွေ၊ ကျွန်တော်နဲ့ကျွန်တော့်ဇနီးတို့ကို ဝိညာဉ်အစာကျွေးတဲ့အသင်းတော်၊ ရန်သူတွေရဲ့ အပြင်းထန်ဆုံးတိုက်ခိုက်မှုကနေ၊ ကျွန်တော်တို့ကို ကာကွယ်ပေးတဲ့အသင်းတော်၊ တရားဒေသနာဧဝံဂေလိဟောခြင်းအားဖြင့် ဘုရားသခင်ရဲ့ တန်ခိုးကြီးသောကျေးဇူးတော်က ကျွန်တော်တို့ ကွယ်ကာစောင့်ရှောက်တဲ့နေရာဖြစ်တဲ့ အသင်းတော်ဟာ ကျွန်တော့်ဘဝအသက်ရှင်ခြင်းမှာ အရေးအကြီးဆုံးဗဟိုချက်မနေရာဖြစ်ပါတယ်လို့ ဆိုလိုနေတာဘဲဖြစ်ပါတယ်။

ကျွန်တော့်အသင်းတော်ထက် အရေးကြီးတာ ဘာမှကိုမရှိပါဘူး။ အသင်းတော်သာမရှိရင် ကျွန်တော့မှာ ဘာမှမရှိပါဘူး။ ဒါ့ကြောင့် ယုံကြည်သူတယောက်ရဲ့ဘဝဟာ အသင်းတော်ရဲ့ပုံမှန်ဖြစ်ခြင်းနားမှာ တည်ရှိနေပါတယ်။ အဲဒီနေရာမှာ သူ့နှလုံးသားရှိနေပါတယ်။ အဲဒီအသင်းတော်ဟာ သူချစ်မြတ်နိုးတဲ့အရာ ဖြစ်တယ်။ အဲဒီအသင်းတော်အတွက် သူဟာ မခြားမလတ်ဆုတောင်းပါတယ်။ အသင်းတော် ဝိညာဉ်ရေးအရ တလုံးတဝတည်းဖြစ်ဖို့ သူ ဘာမဆိုလုပ်မှာဖြစ်တယ်။

မကြာမကြာ အသင်းတော်အပေါ်ထားတဲ့ ကျွန်တော်တို့ရဲ့သဘောထားတွေဟာ တကိုယ်ကောင်းဆန်လှပါတယ်။ တနင်္ဂနွေနေ့မှာ သွားတယ်၊ ထိုင်တယ်။ သိပ်စိတ်ပါလှတာမဟုတ်ဘူး၊ အိပ်ငိုက်နေတယ်၊ မောပမ်းနွမ်းနယ်နေတယ်။ ဘုရားကျောင်းကနေအပြန်မှာ ခင်ဗျားပြောနေတယ်၊ "သင်းအုပ်က ဘာကြောင်နေလဲ မသိဘူး၊ ဒီနေ့မနက်ကြားတာ အကုန်လုံး ဘာမှအသုံးမကျဘူး၊ တခုမှလဲနားမလည်ဘူး၊ ငါ့ခေါင်းနဲ့ ဘာမှမဆိုင်တဲ့ဟာတွေကြီးဘဲ၊ ဝတ်ပြုခြင်းကနေ ငါဘာမှမရဘူး။" အဲဒီလို ချေးများခြင်းတွေခဏခဏ ကြားရတတ်ပါတယ်၊ အဲဒီလိုမျိုးကို ဒီလို အဖြေပေးရပါလိမ့်မယ်။ ပထမအနေနဲ့ ဘုရားကျောင်းကို သွားတဲ့အခါ၊ ခင်ဗျားအကျိုးအတွက်ဘဲ ကြည့်ပြီးမသွားပါနဲ့။ သခင်ခရစ်တော်ရဲ့ အသင်းတော်ဖြစ်တယ်။ ဘုရားသခင်ကို ချီးမွမ်းတဲ့နေရာ၊ ဂုဏ်တော်ကို ချီးမွမ်းတဲ့နေရာဖြစ်တယ်။ ဘုရားသခင်က သူ့ရဲ့ပဋိညာဉ်ကို တည်ထောင်တဲ့နေရာ၊ တည်မြဲစေတဲ့နေရာဖြစ်တယ်။ အသင်းတော်တခုလုံးဟာ ခင်ဗျား ခွန်အားရတယ် မရတယ် အပေါ်မှာ မူတည်ပြီး ရပ်တည်နေတာမဟုတ်ဘူး။ ခင်ဗျား ခွန်အားရတယ်ဆိုရင် ကောင်းတယ်၊ အဲဒီလိုဖြစ်ရမယ်။ နတ်ကပတ်တော်ဟောကြားခြင်းအပေါ် မှန်ကန်တဲ့ စိတ်သဘော ထားရင် အဲဒီလို ခွန်အားရမှာဘဲ။ ခင်ဗျား ကိုယ့်ကိုယ်ကို အသင်းတော်ထံ ဆက်ကပ်ရင် ခင်ဗျားနဲ့ခင်ဗျားမိသားစုအပေါ် ကောင်းချီးမင်္ဂလာတွေ ရောက်လာမှာဘဲ။ ဒါပေမဲ့ ခင်ဗျားတယောက်ထဲအတွက် မဟုတ်ဘူး။ ခင်ဗျားတယောက်ထဲရဲ့ အထင်အမြင်တွေ၊ ခံစားချက်တွေ ဝင်ရှုပ်ရမဲ့နေရာ မဟုတ်

ဘူး။ ဒါဟာ အသင်းတော်ဖြစ်တယ်၊ ဘုရားသခင်ရဲ့အကြောင်း၊ ခရစ်တော်ရဲ့အကြောင်းအရာက အဓိက ဘဲ ဖြစ်တယ်။ ဒါဟာ ဘုရားသခင့်ပဋိညာဉ်ရဲ့ အကြောင်းတရားဖြစ်တယ်၊ ခင်ဗျားနဲ့ ကျွန်တော့်ရဲ့ ကိုယ်ပိုင်ခံစားချက်တွေ၊ ခွန်အားရတာ မရတာတွေထက်၊ အရမ်းအရမ်းကို အရေးကြီးတဲ့အကြောင်းဖြစ်တယ်။ တနည်းအားဖြင့် ပြောရရင်၊ ပဋိညာဉ်ကို အသင်းတော်ထဲမှာ စောင့်ရှောက်တယ်ဆိုတာဟာ၊ သခင်ယေရှု ခရစ်တော်ရဲ့ အသင်းတော်ကို ဦးစားပေးပြီး၊ ကိုယ့်အလိုဆန္ဒကို ဘေးချိတ်ထားတာဖြစ်တယ်၊ ခရစ်တော် ခိုင်းတဲ့ ကြီးမြတ်သော၊ ဘုန်းအသရေနှင့်ပြည့်ဝသော လောကကြီးထဲမှာလုပ်ခိုင်းတဲ့ တာဝန်တွေကို ပိုပြီး ဦးစားပေးတာဖြစ်တယ်။ ဘုရားသခင်ရဲ့ပဋိညာဉ်ဟာ ကျွန်တော်တို့နဲ့ သားသမီး နောက်မျိုးနွယ်ဆက်တွေမှာ ဆက်ပြီး တည်ရှိပါစေလို့ ပိုဦးစားပေးတာဖြစ်တယ်။ အသင်းတော်အတွက် ရွေးကောက်ထားသူတွေ၊ စုစည်းနိုင်ပါစေ၊ ခရစ်တော်ရဲ့ ကိုယ်ခန္ဓာ ပြည့်စုံလာပါစေ၊ ဘုရားသခင်ရဲ့ပဋိညာဉ် တကယ်ဘဲ အကောင်အထည် ဖေါ်ပါစေလို့ ဦးစားပေး အသက်ရှင်တာဖြစ်ပါတယ်။

အသင်းတော်ဟာ ခင်ဗျားရဲ့အမေဖြစ်တယ်။ ခင်ဗျားအသက်ရှင်ရမဲ့ မိခင်ရင်ခွင်ကို ခင်ဗျား ရှာမတွေ့ရင် ခင်ဗျား ရှာကိုရှာရမယ်။ ဒါမှမဟုတ်ရင်တော့ ခင်ဗျားဟာ အသင်းတော်မိဘမဲ့ ဖြစ်ပြီသာ မှတ်ပေတော့။ အမေတွေဟာ ကျွန်တော်တို့ကို ဝမ်းထဲမှာ လွယ်ပါတယ်။ အမေတွေဟာ ကျွန်တော်တို့ကို မွေးဖွားဖို့ သေမင်းနဲ့ နီးနီးကလေး တွေ့ခဲ့ကြရပါတယ်။ သခင်ခရစ်တော်ရဲ့ သိုးတွေကို တကယ့် ကောင်းကင်နဲ့ ဆိုင်တဲ့အစာနဲ့ ကျွေးမွေးသလို၊ အမေတွေဟာ ကျွန်တော်တို့ကို ကျွေးမွေးခဲ့ကြပါတယ်။ အမေတွေဟာ ကျွန်တော်တို့ နဲနဲကြီးလာလို့ အမှားလုပ်ရင် ဆုံးမပဲ့ပြင်ကြပါတယ်။ ဘာလို့လဲဆိုတော့ ချစ်တာကိုး။ အမေတွေဟာ ကျွန်တော်တို့ကို လုံခြုံမှုပေးပါတယ်။ လမ်းပေါ်က ကျွန်တော်တို့ကို အနိုင်ကျင့်မဲ့ လူဆိုးတွေရန်ကနေ အမေတွေက ကာကွယ်ပေးပါတယ်။ ကျွန်တော်တို့ပေါ် နာကျင်မှုတခုခု မရောက်ရလေအောင် အမေတွေက စောင့်ရှောက်ပါတယ်။ ကျွန်တော်တို့တွေဟာ အမေရဲ့ကာကွယ်မှုနဲ့ စောင့်ရှောက်မှုကို ရခဲ့ကြပါတယ်။ အမေတွေဟာ ကျွန်တော်တို့သာ သူတို့ရဲ့ပဋိညာဉ်စောင့်ရှောက်မှုအောက်မှာ ကောင်းစွာ နာခံခဲ့ရင်၊ ရင့်ကျက်လာတဲ့အထိ စောင့်ရှောက်ပေးကြပါတယ်။ နောက်ဆုံး “အခုတော့၊ မင်းဟာ အသင်းတော်မှာ ကိုယ့်တာဝန်ကို ကိုယ်ယူရတော့မယ်။ မင်းရဲ့ကိုယ်ပိုင် ပဋိညာဉ်မိသားစုကို တည်ထောင်ပေတော့။ ပဋိညာဉ်ဟာ မင်းနဲ့မင်းရဲ့မိသားစုမျိုးနွယ်ဆက်တလျှောက်မှာ ဆက်လက်တော့မယ်”လို့ အမေက ပြောမှာဖြစ်တယ်။ ခင်ဗျား ဘုရားသခင်ရဲ့ ပဋိညာဉ်ကို ချစ်ရင် အသင်းတော်ကို ချစ်ပါ။

++++++++++++++++++++++++